# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 27 , 2023 Volume 62, Number 19


၂၇.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၃.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၇၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မန္တလေးကုန်စည်တွင် ကုလားပဲအသစ်များ စတင်ဝင်ရောက်နေ

ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ကုလားပဲအသစ်များ စတင်ဝင်ရောက်နေပြီး ဈေးအနည်းငယ်ကျဆင်းသွားကြောင်း၊ ကုလားပဲအသစ်များမှာ စိုထိုင်းဆကြောင့် ပဲခွဲစက်များကြိတ်ခွဲ၍ မရသေးသောကြောင့် ဝယ်ယူမှုအေးပြီး ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၄၀၀၀ မှ ၁၈၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ ၊ ယခင်လ ကျပ် ၁၉၅၀၀၀ မှ ၁၉၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ ၊ ယခင်လထက် ကျပ် ၁၁၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၆၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀ မှ ၁၇၁၀၀၀ ၊ယခင်လ ကျပ် ၁၇၅၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၃၀၀၀ ၊ယခင်လ ကျပ် ၇၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၄၀၀၀ မှ ၁၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၃၀၀၀ ၊ ယခင်လ ကျပ် ၁၈၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၀မှ၁၂၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၁၂၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခု တစ်ပတ် ကျပ် ၁၈၇၀၀၀ မှ ၁၈၇၅၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၇၀၀၀ မှ ၁၈၇၅၀၀ ၊ ယခင်လ ကျပ် ၁၉၅၀၀၀ မှ ၁၉၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၈၀၀၀ မှ ၈၅၀၀ နိမ့်ကျလာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုန်ဌာန

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံသို့ ပို့ကုန်အများဆုံး တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၃ ရာခိုင်နှုန်းနီးပါးတင်ပို့

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံသို့ ပို့ကုန်အများဆုံး တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၃ ရာခိုင်နှုန်းနီးပါး တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပထမသုံးလပတ်ဖြစ်သည့် ဧပြီမှဇွန်လအတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၉၅၁ ဒသမ ၇၂ သန်းရှိသည်။

ကာလတူဖြစ်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တတိယသုံးလပတ်ဧပြီမှ ဇွန်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၈၉၂ ဒသမ ၆၄ သန်းရှိသည်။

အဆိုပါကာလနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တတိယသုံးလပတ်ကာလထက် ပို့ကုန် ၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်တင်ပို့နိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်အများဆုံး တင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄၉၀၅ ဒသမ ၈၀ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဒေါ်လာ ၃၁၇၂ ဒသမ၂၆ သန်းဖြင့် ဒုတိယ အများဆုံးဖြစ်ကာ အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံသို့ဒေါ်လာ ၉၄၄ ဒသမ ၂၁ သန်း၊ အိန္ဒိယနိုင်ငံသို့ ဒေါ်လာ ၈၃၆ ဒသမ ၃၇ သန်း၊အမေရိကန်သို့ ဒေါ်လာ ၆၂၀ ဒသမ ၅၉ သန်း၊ ဂျာမနီနိုင်ငံသို့ ဒေါ်လာ ၄၂၆ ဒသမ၂၅သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၄၁၁ ဒသမ ၇၁သန်း၊U.K သို့ ဒေါ်လာ ၃၈၅ ဒသမ ၄၀ သန်း၊ နယ်သာလန်သို့ ဒေါ်လာ ၃၆၆ ဒသမ ၁၈ သန်း၊ တောင်ကိုရီးယားနိုင်ငံသို့ ဒေါ်လာ ၃၀၅ ဒသမ ၇၆ သန်း တင်ပို့ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ထိုင်းဘက်ကမှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၁၃ ဒသမ ၄၈၆ သန်းဖြင့် ကုန်သွယ်မှု ဒေါ်လာ ၅၁၀၉ ဒသမ ၄၇၉ သန်းရရှိထားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့လည်းပါဝင်သည် ။

**Source:** https://news-eleven.com/article/243588

## မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ နောက်ဆက်တွဲ အစည်းအဝေးကျင်းပ



https://www.commerce.gov.mm

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ နောက်ဆက်တွဲအစည်းအဝေး (2nd TPR Follow Up Meeting) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့ နံနက် ၉:၃၀ နာရီ၌ နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်မှဦးဆောင်၍ ကုန်သွယ်မှုဆိုင်ရာ ဆက်စပ်ဌာန/အဖွဲ့အစည်း (၂၇) ခုမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအပါအဝင် ကိုယ်စားလှယ် (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

၂၀၂၁ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်ပြီးနောက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အကြံပြုချက်များအပေါ် လိုက်ပါဆောင်ရွက်ထားရှိမှု အခြေအနေများအား ဆန်းစစ်နိုင်ရန်ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အစည်းအဝေးတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်ပယ်အလိုက် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်၍ အပြီးသတ်အစီရင်ခံပြီးနောက် ကုန်သွယ်မှုဆိုင်ရာဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ထို့ပြင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ပြီးနောက်ပိုင်း ကုန်သွယ်မှုနှင့်ဆက်စပ်သည့် နယ်ပယ်၊ ကဏ္ဍအသီးသီးမှာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တက်ကြွစွာ ရှင်းလင်းဆွေးနွေးပေးသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဆွေးနွေးပြောကြားချက်များသည် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် များစွာအထောက်အကူပြုကြောင်း၊ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ နောက်ဆက်တွဲလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ညနေ ၁၇:၃၀ တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%80%BA%E1%8

## မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ ဈေးကောင်းရ



https://www.foodindustrydirectory.com.mm

မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်းအောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

ယခုလက်ရှိတွင် တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။ "တရုတ်အာလူးတွေက အလုံးလဲလှပြီး အရည်အသွေးလဲ ကောင်းမွန်လာပါတယ်။ ဒါကြောင့် တရုတ်အာလူးအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေမန္တလေးဈေးကွက်ထဲမှာ အဝယ်လိုက်လာပြီး ဈေးကောင်းတွေ ရလာပါတယ်။ အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ပြည်တွင်းကို အာလူးတင်ပို့မှုက တော်တော်လေး အားကောင်းလာပါတယ်။ တရုတ်အာလူးတွေက အခုမန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့အပြင် ဈေးကောင်းလဲရနေပါတယ်။ နောက်ပိုင်းမှာလဲ ဒီထက်ပိုပြီး ဈေးကောင်းရဖို့ အလားအလာရှိနေပါတယ်" ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင်က ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလပထမပတ်က တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၂၄ ရက်ကစ၍ တရုတ်အာလူး တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5684-good-prices-for-chinese-potatoes-in-mandalay-market.html

## ဂျာမနီနိုင်ငံ၏စီးပွားရေးနှင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် (၁.၉)ရာခိုင်နှုန်းရှိခဲ့ပြီး ကုန်ပစ္စည်းများပြတ်လပ်မှု၊ ဈေးနှုန်းများကြီးမြင့်မှုနှင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဆက်လက်ဖြစ်ပွား ရိုက်ခတ်မှုများရှိနေခဲ့သော်လည်း စီးပွားရေးကဏ္ဍတစ်ရပ်လုံးကို ကောင်းစွာထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ကြောင်း Federal Statistical Office ၏ ဥက္ကဋ္ဌအသစ်ဖြစ်သူ Dr. Ruth Brand ကပြောကြားလိုက်ပါသည်။ အီးယူစီးပွားရေးကော်မရှင်နာဖြစ်သူ Mr. Paolo Gentiloni က ယူရိုဇုန်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် စီးပွားရေးအခြေအနေတိုးတက်မှုရရှိရန် သေချာရေရာမှုများ မရှိနိုင်သေးသော်လည်း စီးပွားရေးဆိုးဝါးစွာ ကျဆင်းနိုင်ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ စွမ်းအင်ဈေးနှုန်းများကျဆင်းလာပြီး ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမန်စီးပွားရေးဝန်ကြီး Mr. Robert Habeck ကဂျာမနီနိုင်ငံတွင် ၂၀၂၃ ခုနှစ် စီးပွားရေးတိုးတက်ခဲ့မှုနှုန်းကို( ၀.၂) ရာခိုင်နှုန်းဝန်းကျင်မျှော်မှန်းထားရှိကြောင်း ပြောကြားခဲ့ပါသည်။

လက်ကားရောင်းချဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၂.၈) ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး၊ စက်မှုထုတ်ကုန်လုပ်ငန်းများရှိ ထုတ်လုပ်သူဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက်(၂၁.၆)ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ(လုပ်သားဦးရေ ၅၀နှင့်အထက်တွင် အလုပ်အကိုင်ခန့်ထားမှုမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် (၅.၅) သန်းရှိကြောင်း ၂၀၂၁ ခုနှစ် ကာလတူထက် (၁.၂) ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း ထုတ်ပြန်ထားပါသည်။ အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ယူရို (၅၆.၃) ဘီလီယံရှိခဲ့ပြီး နိုဝင်ဘာလထက်(၉.၆) ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက်(၆.၅) ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံ၏ လူဦးရေအနေဖြင့် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စုစုပေါင်း(၈၄.၃) သန်း ရှိပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းနှင့် နှိုင်းယှဉ်လျှင် (၁.၁) သန်းတိုးတက်လာခဲ့ကြောင်း Federal Statistical Office (Destatis) ကထုတ်ပြန်ထားပါသည်။ ထိုသို့တိုးတက်လာမှုများမှာ ယူကရိန်းနိုင်ငံမှ တိမ်းရှောင်လာသူများအပါအဝင် အခြားနိုင်ငံများမှ ရွှေ့ပြောင်းအခြေချ ဒုက္ခသည်အများအပြား ဝင်ရောက်လာမှုများကြောင့်လည်းဖြစ်ကြောင်း သိရှိရပါသည်။

Federal Statistical Office ၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ (၄.၄၅၄) သန်းနှင့် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ (၄.၇၄၆) သန်း တင်ပို့မှု ရှိခဲ့ပါသည်။ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှသွင်းကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ (၁၈၈.၁၂၇) သန်းနှင့် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ(၁၇၀.၆၀၂) သန်း တင်သွင်းမှုရှိခဲ့ခြင်းကြောင့် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ(၁၇.၅၂၅) သန်း ပိုမိုလျော့နည်းတင်သွင်းမှုရှိခဲ့ကြောင်း၊ CMP အထည်ချုပ်၊ ဖိနပ်၊ လျှပ်စစ်နှင့် စက်ပစ္စည်း ကိရိယာများ အများဆုံးတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ဂျာမနီနိုင်ငံသို့ ပို့ကုန်အမေရိကန် ဒေါ်လာ(၁၇၀.၆၀၂) သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ( ၄.၇၄၆)သန်းရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၁၆၅.၈၅၆) သန်းရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**Source: (မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## သကြားကုန်ကြမ်းအသုံးပြုသည့် စက်ရုံများလည်ပတ်မှုဖြင့် ဝယ်လိုအားမြင့်တက်လာ၍ ပြည်တွင်းသကြားဈေးမြင့်လာ


မကွေးဂျာနယ်

သကြားကုန်ကြမ်းအသုံးပြုသည့် စက်ရုံများလည်ပတ်ခြင်းဖြင့် ဝယ်လိုအား မြင့်တက်လာသောကြောင့် ပြည်တွင်းသကြားဈေးမြင့်လာရာ လက်ရှိတွင် တစ်ပိဿာ ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်လုပ်ငန်းရှင် များအသင်း ဒု-ဥက္ကဋ္ဌ ဦးဝင်းငွေးကပြောသည်။

ပြည်တွင်း၌ သကြားစက်ပေါင်း ၃၀ ခန့်ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် သကြားစက်အသစ်နှစ်ခုနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ခု၊ စုစုပေါင်း လေးခု စက်ရုံအသစ်တိုးလာမည်ဖြစ်ရာ သကြားထုတ်လုပ်မှု ပိုမိုလာမည်ဖြစ်သည်။ “ပြည်တွင်းစားသုံးမှုနဲ့ မုန့်ထုတ်လုပ်တဲ့ စက်ရုံတွေလည်ပတ်လာတာနဲ့အမျှ ဝယ်လို အားကြောင့် သကြားဈေးမြင့်လာတယ်။ ဒီဈေးနဲ့ပဲ တည်တည်ငြိမ်ငြိမ်ရှိသွားမှာပါ။ သကြားမှာ သုံးမျိုးရှိပေ မယ့် White Sugar နဲ့ Refile Sugar က ဈေးသိပ်မကွာဘူး။ White Sugar ပေါက်ဈေးနဲ့ သကြားဈေးတွက်ချက်သတ်မှတ် တယ် ” ဟု ၎င်းကပြောသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလက သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဝန်းကျင်ရှိခဲ့ရာ တဖြည်းဖြည်း ဈေးမြင့်တက် လာပြီး လက်ရှိတွင် ငွေကျပ် ၂၅၅၀-၂၆၀၀ ပေါက်ဈေးရှိလာကြောင်း၊ သကြားဈေးမြင့်တက်လာခြင်းကြောင့် စက်ရုံများ၏ ကြံဝယ်ဈေးမှာလည်း တစ်တန်လျှင် ငွေကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ ဝန်းကျင် တိုးမြင့်လာကြောင်းသိရသည်။

“ပြည်ပပို့တာက အရင်စာချုပ်ချုပ်ထားတဲ့ ဗီယက်နမ်ကို တင်ပို့ နေတာ တန်ချိန် ၅၀၀၀ လောက်ရှိပြီ။ ပြည်တွင်းစားသုံးမှု လုံလောက်ဖို့၊ နောက်ထပ်ပြည်ပပို့ဖို့ အစီအစဉ်မရှိသေးဘူး။ ကြံကို ကြိတ်ဝါးတဲ့သကြားစက်တွေလည်း လေးခုလောက် တိုးလာမှာဆိုတော့ ကြံလိုအပ်ချက်များလာမှာဖြစ်သလို စိုက်ဧကလည်းတိုးချဲ့ဖို့လိုပါတယ် ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းမှ ကြံကိုကြိတ်ဝါး၍ သကြားထုတ်လုပ်သည့်စက်ရုံများမှ သကြားအဖြစ် အများဆုံးထုတ်လုပ်ပြီး ကြံသကာအဖြစ် အနည်းငယ် ထုတ်လုပ်ကြောင်း၊ ပြည်ပတင်ပို့မှုတွင် ဗီယက်နမ်သို့ သကြားတန်ချိန် ၅၀၀၀၀ ခန့် ရောင်းချရန် ၂၀၂၂ ခုနှစ်က သဘောတူထားပြီး တန်ချိန် ၅၀၀၀ ဝန်းကျင် တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

သကြားစက်ရုံများတိုးလာပြီး ဈေးကောင်းရလာသည့်အတွက် သကြားစက်များမှ ကြံတစ်တန်ဝယ်ဈေးကို စက်ရုံအရောက် အမြင့်ဆုံး ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်ရှိပြီး ယခင် ၂၀၂၀ ဝန်းကျင်က ကြံတစ်တန်လျှင် အမြင့်ဆုံး ၆၅၀၀၀ ဝန်းကျင်ရှိ၍ ထိုအချိန်တွင် သကြားတစ်ပိဿာငွေကျပ် ၁၅၀၀ ဝန်းကျင် သာ ပေါက်ဈေးရှိခဲ့သည်ဟုဆိုသည်။

**Source: မကွေးဂျာနယ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နောက်ထပ်ပို့ကုန်သည် လျှပ်စစ်ထုတ်ကုန်ပစ္စည်းများဖြစ်နိုင်ကြောင်း Dhaka Tribune သတင်းစာတွင် ရေးသားဖော်ပြ


https://www.commerce.gov.mm

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံ၏ ပို့ကုန်များသည် နှစ်စဉ်ပြောင်းလဲမှုများရှိကြောင်း Dhaka Tribune သတင်းစာတွင် ဖော်ပြထားသည်။ ပြီးခဲ့သောနှစ်များအတွင်းအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပို့ကုန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အသင့်ချုပ်အဝတ်အထည်များဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

ယခုနှစ်အတွင်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လျှပ်စစ်မီးလုံး၊မီးချောင်း၊ ဝါယာကြိုးနှင့် လျှပ်စစ်ဆက်စပ်ပစ္စည်းများ စသည့်လျှပ်စစ်ထုတ်ကုန်ပစ္စည်းများကို တရုတ်၊ အမေရိကန်၊ စင်ကာပူနှင့်ဂျပန်တို့ကဲ့သို့သော အလားအလာရှိသော ဈေးကွက်များသို့တင်ပို့ခြင်းဖြင့် ဒေါ်လာ ၂၅ ဘီလီယံအထိ နိုင်ငံအတွက် ဝင်ငွေရရှိနိုင်ကြောင်း ရေးသားဖော်ပြထားသည်။ အစိုးရမှလည်း အဆိုပါကဏ္ဍအတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းဖြင့် အထောက်အပံ့ပေးသင့်ကြောင်းလည်း ရေးသားဖော်ပြထားသည်။

၂၀၃၀ ပြည့်နှစ်အထိ နိုင်ငံအတွက် နှစ်စဉ်ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၁၂.၅၆ ဘီလီယံအထိ ဝင်ရောက်နိုင်သော အဆိုပါလျှပ်စစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းများရေးဆွဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အပြင် စီမံကိန်းအဆင့်မှ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်စေရန်အတွက် သင့်လျော်သောဘဏ္ဍာငွေနှင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းမူဝါဒများအစိုးရအနေဖြင့် ချမှတ်ဆောင်ရွက်ရန် အစီအစဉ်တစ်ခုလိုအပ်ပါကြောင်းလည်း ရေးသားဖော်ပြထားသည်။

လျှပ်စစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ပစ္စည်းများအဆင့်အလိုက် ထုတ်လုပ်မှုကဏ္ဍခွဲများကို ခွဲခြားသတ်မှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို မက်လုံးများပေး၍ ဆွဲဆောင်ခြင်းနှင့် သင့်လျော်သောလမ်းညွှန်ချက်များနှင့် မူဝါဒများကိုချမှတ်ပေးခြင်းတို့ကို သက်ဆိုင်ရာအာဏာပိုင်များမှ တာဝန်ယူဆောင်ရွက်ပေးခြင်းတို့ကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ယခုအချိန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးခရီးရှည်၏ အရေးကြီးသော အချိန်ကာလတွင် ရောက်ရှိနေပြီး စက်မှုလုပ်ငန်းအသစ်များကို တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးသို့ဝင်ရောက်ရန် အချိန်ကောင်းဖြစ်ပါကြောင်း ရေးသားဖော်ပြထားသည်။

**Source: https://www.dhakatribune.com/commerce**

https://www.commerce.gov.mm/my/article/border-trade-news-update-news-international-trade-update-news-border-area-trade-4

# STOCK EXCHANGE (27.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Jan. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,042 (Shares) | 7,701,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +200 | +2.33% | 8,600 | 8,800 | 8,600 | 304 | 2,615,400 | 33,109,694 | 291,365 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 268 | 871,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 150 | 1,125,000 | 10,400,986 | 78,008 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 1,106 | 2,041,100 | 24,720,530 | 45,733 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 214 | 1,048,600 | 10,497,598 | 51,438 |


## Market summary

As of 27th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.31 | +3.40 | +0.88% | 385.79 | 390.31 | 385.79 | 2,042 | 7,701,100 | 7 | 678,987 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 2,042 (Shares) | 7,701,100 (MMK) |

### Main Board

As of 1:00 pm, 27th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,042 (Shares) | 7,701,100 (MMK) |

| MYANPIX | 390.31 ▲ 3.40 |
|---|---|
| Total Volume (shares) | 2,042 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 678,987 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 200 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |